# ပုဂံခေတ်မြန်မာစာအရေးအသားစနစ်

ပါရဂူ (**Ph.D.**) ဘွဲ့အတွက် တင်သွင်းသောကျမ်း

အောင်မြင့်ဦး (မဟာဝိဇ္ဇာ)

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

နိုဝင်ဘာလ၊ ၂၀၀၀ ပြည့်နှစ်

## ကျမ်းပြုသူ၏ ကိုယ်ရေးအကျဉ်း

ကျမ်းပြုသူအမည် – အောင်မြင့်ဦး
မွေးသက္ကရာဇ် – ၂၈–၅–၁၉၆၀
မိဘအမည် – ဦးသန်းညွန့် – ဒေါ်လှစိန်
ပညာအရည်အချင်း – ဝိဇ္ဇာ (ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ
ပါရဂူဘွဲ့အကြိုသင်တန်း
အောင်မြင်သည့်ပညာသင်နှစ် – ၁၉၉၅ –၉၆
ပါရဂူဘွဲ့ကျမ်းတင်သွင်းသည့်
ပညာသင်နှစ် – ၁၉၉၉–၂၀၀၀
ခုံအမှတ် – မ–၁
ကျမ်းတင်သွင်းသည့်တက္ကသိုလ် – ရန်ကုန်တက္ကသိုလ်

## ကျမ်းအနှစ်ချုပ်

အရေးအသားစနစ်ဟူသည် အရေးသင်္ကေတများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံတစ်ခုဖြစ်သည်။ ကမ္ဘာ့စာအရေးအသားစနစ်များတွင် မြန်မာစာအရေးအသားစနစ်သည် ဝဏ္ဏစနစ်တစ်ပိုင်း၊ အက္ခရာစဉ်စနစ်တစ်ပိုင်း အရေးအသားစနစ်ဖြစ်သည်။ ပုဂံခေတ် မြန်မာစာအရေးအသားစနစ်ကို ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ အသတ်သင်္ကေတ၊ သံပြောင်းပြသင်္ကေတ၊ အထွေထွေသင်္ကေတတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဗျည်းသင်္ကေတများကို အစဗျည်း သင်္ကေတနှင့် ယှဉ်တွဲဗျည်းသင်္ကေတဟူ၍ နှစ်မျိုးသတ်မှတ်နိုင်သည်။ အစဗျည်း သင်္ကေတ ၃၃ခုနှင့် ယှဉ်တွဲဗျည်းသင်္ကေတ ၇ခုရှိပြီး မြန်မာစကားစစ်စစ်အတွက် အစဗျည်း ၁၈ခု၊ ယှဉ်တွဲဗျည်း ၅ခုကို စံအဖြစ်အသုံးပြုသည်။ သရသင်္ကေတများကို လုံးချင်းသရသင်္ကေတနှင့်ဗျည်းယှဉ်သရသင်္ကေတဟုနှစ်မျိုးသတ်မှတ်နိုင်သည်။ အ သင်္ကေတကို ပုဂံခေတ်က လုံးချင်းသရသင်္ကေတအဖြစ် အဓိက အသုံးပြုသည်။ လုံးချင်းသရသင်္ကေတ ဦ နှင့် အို တို့သည်လည်းကောင်း၊ ဗျည်းယှဉ်သရသင်္ကေတ ိ ၊ ို တို့သည်လည်းကောင်း မြန်မာတို့၏ဖန်တီးတီထွင်မှုဖြစ်သည်။ အသတ်သင်္ကေတသည် ပုဂံခေတ်က အဆုံးဗျည်းသံကို ကိုယ်စားပြုသော သင်္ကေတဖြစ်နိုင်သည်။ မြန်မာစကားစစ်စစ်အတွက်သုံးသောအသတ်သင်္ကေတ ၁၂ ခုရှိပြီး ယသတ်နှင့် ဝသတ်တို့သည် ထူးခြားသော သဘောလက္ခဏာရှိသည်။ ဝစ္စပေါက်ကို အသံလေးပင်မှု ဖော်ပြရန် အသံသင်္ကေတအဖြစ် တစ်ခါတစ်ရံသုံးပြီး တက်ကျသံဘာသာစကား၏စနစ်သင်္ကေတအဖြစ် အသုံးမပြုသေးပါ။ အ မြစ်ကိုမူ တက်ကျသံစနစ်သင်္ကေတအဖြစ် စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။ သေးသေးတင်မှာ ပါဠိဘာသာတွင် ဗျည်းဟုသတ်မှတ်သော်လည်း ပုဂံခေတ်မြန်မာစာအရေးအသားစနစ်တွင် သုံးစွဲပုံအရ ဗျည်းယှဉ်သရသင်္ကေတအဖြစ်လည်းကောင်း၊ သံပြောင်းပြသင်္ကေတအဖြစ်လည်းကောင်း သတ်မှတ်နိုင်သည်။ သင်္ချာသင်္ကေတကို ရေတွက်မှုအတွက်သာမက အတိုကောက်ပြသင်္ကေတအဖြစ် အမျိုးမျိုးသုံးစွဲခဲ့ကြောင်း တွေ့ရသည်။ အရေးအသား၏လိုအပ်ချက်အရသုံးစွဲသော ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများနှင့် စာကျန်အမှတ်အသားပြ သင်္ကေတများကိုလည်း တွေ့ရသည်။ ထိုအရေးသင်္ကေတများကို စနစ်တကျတွဲဖက်ကာ အစီအစဉ်တကျ ရေးသားပြီး ပုဂံခေတ်မြန်မာစာအရေးအသားစနစ်ကို တည်ဆောက်ထားသည်။